**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော**
**တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ**
**ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ဦးဆောင်အဖွဲ့(PPST)၏**

## (၇၅) နှစ်မြောက် စိန်ရတု မွန်အမျိုးသားနေ့အတွက် ပေးပို့သည့်

# ဂုဏ်ပြုသဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်**

မွန်ရာဇဝင် ဥပ္ပန္န သုဓမ္မဝတီရာဇာဝံသ ဂါထာကျမ်းအရ အေဒီ (၅၇၃) ခုနှစ်၊ သာသနာသက္ကရာဇ် (၁၁၁၆) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက် (ဖေဖော်ဝါရီလ ၁၆ ရက်နေ့)၊ တနင်္လာနေ့တွင် သမလကုမ္မာနှဲ ဝိမလကုမ္မာ မွန်မင်းသား ညီနောင် နှစ်ပါးတို့ ဟံသာဝတီမင်း နေပြည်တော်ကို စတင် တည်ထောင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မွန် အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြရာ မွန်တမျိုးသားလုံး၏ အထွဋ်အမြတ်ထားရာ မွန်အမျိုးသားနေ့မှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် (၇၅) နှစ်မြောက် စိန်ရတုအခါသမယသို့ တိုင်ခဲ့ပြီ ဖြစ်သောကြောင့် မိမိတို့ PPST အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ခေတ်သစ်မွန်အမျိုးသားလှုပ်ရှားမှုသမိုင်းကို စတင်သန္ဓေတည်ပေးခဲ့သည့်အဖွဲ့မှာ ရာမညတိုင်းလုံးဆိုင်ရာမွန်အသင်းအဖွဲ့ပင် ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် မွန်တိုင်းရင်းသားအစည်းအရုံး ထပ်မံပေါ်ပေါက်လာခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် မွန်ခေါင်းဆောင်များက ဦးဆောင်ပြီး ချမှတ်ခဲ့သည့် အမျိုးသားတန်း တူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ ရပိုင်ခွင့်များကိုထင်ဟပ်သည့် တောင်းဆိုချက် (၇) ရပ်သည် မွန်အမျိုးသားရေး လှုပ်ရှားမှုသမိုင်း၌ အထင်ကရ နိုင်ငံရေးမှတ်တိုင်တစ်ရပ်ဖြစ်ခဲ့သည်။ ယခုအခါတွင် မွန်အမျိုးသား လွတ်မြောက်မှုတော်လှန်ရေးကို မွန်ပြည်သစ်ပါတီကြီး (NMSP) က ဦးဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဥ်တွင် ဦးဆောင်ဦးရွက်ပြုနေခြင်းကိုလည်း PPST က မှတ်တမ်းတင်ပါသည်။

သမိုင်းတလျှောက် မွန်အမျိုးသားများသည် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတည်ထောင်ရေး အတွက် တိုင်းရင်းသားမဟာမိတ်တပ်ပေါင်းစုများတွင် တက်တက်ကြွကြွပါဝင်၍သော်လည်းကောင်း၊ ဖက်ဒရယ်လမ်းညွှန်အခြေခံမူများရေးဆွဲရာတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်၍သော်လည်းကောင်း ဘဝတူညီနောင်တိုင်းရင်းသားများနှင့် လက်တွဲကာ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သကဲ့သို့ ယနေ့ထက်တိုင်လည်း ဆောင်ရွက်နေလျက်ပင် ဖြစ်သည်။ ယနေ့ထက်တိုင် မပြီးဆုံးသေးပဲ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးလမ်းခရီးကြမ်းတွင်လည်း မွန်အမျိုးသားများအနေဖြင့် ညီနောင်တိုင်းရင်းသားများနှင့်အတူတကွ တွဲလက်မြဲမြံစွာဖြင့် မဆုတ်မနစ် ကြိုးပမ်းချီတက်သွားမည်ဟု ခြွင်းချက်မရှိ ယုံကြည်ပါကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ် စိန်ရတု မွန်အမျိုးသားနေ့ကို လှိုက်လှဲစွာဖြင့် ကြိုဆိုဂုဏ်ပြုဖော်ပြရင်း ဤသဝဏ်လွှာကို နိဂုံးချုပ်အပ်ပါသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ဦးဆောင်အဖွဲ့(PPST)**